## မာတိကာ


ဤကျမ်းစာရေးသူ၏ ဘဝဖြစ်စဉ် (က)
ဤကျမ်းစာ၏ အမြုတေ (ဂ)
ဆရာတော်ဦးသီလာနန္ဒ၏ မိတ်ဆက် (ဃ)
ဘာသာပြန်သူ၏ သဘောထား (င)
ကျမ်းပြုသူ၏ကျေးဇူးစကား (ဆ)
ကျမ်းကိုး အတိုကောက်မှတ်ချက် (ဈ)

**အခန်း ၁-နိဒါန်း**
ရှေးဦး ဗုဒ္ဓဘာသာသမိုင်း အခြေခံ ၇
နိဗ္ဗာန်လေ့လာချက် နည်းမှန်ကျအယူအဆ ၁၂
ဤသုတေသနပြုမှု၏ လိုရင်းအချုပ် ၁၆

**အခန်း ၂-ရှထောင့်မျိုးစုံမှ နိဗ္ဗာန်အယူအဆ**
နိဗ္ဗာနပုဒ်၏ဝေါဟာရရင်းမြစ် ၁၉
နိဗ္ဗာန်နှင့် ရှေးဦးဗုဒ္ဓဝါဒ အယူအဆ ၂၅
ပါဠိတော်လာ နိဗ္ဗာန်အဓိပ္ပာယ် ဖွင့်ဆိုချက်များ ၃၀
နိဗ္ဗာန်အဓိပ္ပာယ် အဋ္ဌကထာဖွင့်ဆိုချက်များ ၃၅
ထေရဝါဒမဟုတ်သော ဗုဒ္ဓဝါဒီပညာရှင်တို့၏ နိဗ္ဗာန်အယူအဆ ၃၈
ဗုဒ္ဓဝါဒီနှင့် ဗုဒ္ဓဝါဒီမဟုတ်သူပညာရှင်များ၏ နိဗ္ဗာန်ဖွင့်ဆိုချက်များ ၄၃
ကျမ်းဂန်လာ နည်းလမ်းများဖြင့် နိဗ္ဗာန်ကို နားလည်ခြင်း ၄၆

**အခန်း ၃-ဘဝ (ဖြစ်တည်မှု)နှင့် ဝိဘဝ (ဖြစ်တည်မှုမရှိခြင်း)**
ဘဝ (ဖြစ်တည်မှု) ဟူသည် အဘယ်နည်း ၄၉
သက်ရှိတို့အတွက် ဘုံဌာနအယူအဆ ၅၂
ဗုဒ္ဓဝါဒ စကြဝဠာ အယူအဆ ၆၀
ကမ္ဘာလောကစတင်ပုံ ယူဆချက်နှစ်ရပ် ၆၅
ဒုဂ္ဂတိဘုံ တည်ရှိခြင်း ၆၇
သုဂတိဘုံ တည်ရှိခြင်း ၇၀
အသက်ရှင်ခြင်းနှင့် သေခြင်းတို့၏ အကျိုးဆက်များ ၇၄
သေခြင်းတရားကို တည်ငြိမ်စွာ ရင်ဆိုင်ခြင်း ၇၈

**အခန်း ၄-နိဗ္ဗာန်တည်ရှိမှုကို ခွဲခြမ်းစိတ်ဖြာလေ့လာခြင်း**
နိဗ္ဗာန် တည်ရှိပါသလော ၈၆
နိဗ္ဗာန်ဟူသည် အဘယ်နည်း ၉၀
နိဗ္ဗာန်သည် မည်သည့်နေရာ၌ တည်ရှိသနည်း ၉၄
နိဗ္ဗာန်အမျိုးအစား မည်မျှရှိသနည်း ၉၈
နိဗ္ဗာန်ဟူသည် အလုံးစုံ ချမ်းမြေ့သောအရာလော ၁၀၄
နိဗ္ဗာန်သည် သံသရာ၌ ရှိသလော ၁၀၇
နိဗ္ဗာန်နှင့်ပတ်သက်၍ ဝေဖန်မှုများ ၁၁၂
ရဟန္တာပုဂ္ဂိုလ်များအတွက် နိဗ္ဗာန်သည် တည်ရှိ၏ ၁၁၅

**အခန်း ၅-ဝိမုတ္တိကို ဦးတည်သည့် ကမ္မဋ္ဌာန်းဘာဝနာ**
ဗုဒ္ဓဝါဒ၏လွတ်မြောက်မှု (ဝိမုတ္တိ) အယူအဆ ၁၁၈
ဗုဒ္ဓဝါဒကမ္မဋ္ဌာန်းရှုမှတ်မှု၏ ရည်ရွယ်ချက် ၁၂၂
အခြေခံ ဗုဒ္ဓဝါဒကမ္မဋ္ဌာန်းထိုင်နည်းများ ၁၂၅
အာနာပါနကမ္မဋ္ဌာန်းဖြင့် ငြိမ်းချမ်းမှုကို ရရှိခြင်း ၁၂၇
ဝိပဿနာကမ္မဋ္ဌာန်းဖြင့် ဉာဏ်အမြင်ကိုရရှိခြင်း ၁၃၀
ဝိပဿနာကမ္မဋ္ဌာန်း၌ ဝိသုဒ္ဓိခုနစ်ပါး ၁၃၆
နောက်ဆုံး နိဗ္ဗာန်ကိုသိမြင်ခြင်း ၁၄၀
နိဂုံးမှတ်ချက်များ ၁၄၆

**နောက်ဆက်တွဲ (က)** ၁၅၁
**နောက်ဆက်တွဲ (ခ)** ၁၅၄
**ပါဠိအဘိဓာန်ငယ်** ၁၅၆
**ကျမ်းကိုးစာရင်း (Bibliography)** ၁၆၃


**ဤကျမ်းစာ၏ စာအမြုတေ**

ဤဘွဲ့ယူကျမ်းစာသည် ပါဠိတော်ကျမ်းဂန်များမှ နိဗ္ဗာန်ယူဆချက်ကို ခွဲခြမ်းစိတ်ဖြာ၍ ဝေဖန်ဆန်းစစ်သော လေ့လာမှုဖြစ်သည်။ ပါဠိတော်လာနည်းလမ်းများနှင့် နည်းမှန်ကျ ထေရဝါဒဗုဒ္ဓဘာသာ ကမ္မဋ္ဌာန်းရှုမှတ်မှုမှတစ်ဆင့် ရရှိလာသည့် ကမ္မဋ္ဌာန်းအတွေ့အကြုံ တိုးတက်မှုဖြစ်စဉ်တို့ကို စူးစမ်းထားသည်။ ဤကျမ်း၏ အဓိကရည်ရွယ်ချက်မှာ ဗုဒ္ဓဝါဒီနှင့် ဗုဒ္ဓဝါဒီမဟုတ်သူ ပညာရှင်များ ဖော်ပြဆန်းစစ်ခဲ့သော နိဗ္ဗာန်အဓိပ္ပာယ်ဖွင့်ဆိုချက်များကို ရှင်းပြရန်နှင့် လွတ်မြောက်မှု (ဝိမုတ္တိ) လမ်းစဉ်အပေါ် ၎င်းတို့၏ရှုမြင်ပုံများကို သုံးသပ်ရန်ဖြစ်သည်။ ပါဠိတော်ကျမ်းဂန်များ၌ မကြာခဏတွေ့ရသည့် စနစ်တကျ နိဗ္ဗာန်အဓိပ္ပာယ် ကောက်ယူမှုများ ရှိလင့်ကစား နိဗ္ဗာန်၏ တိကျ (လက်တွေ့ဖော်ပြနိုင်)သော အဓိပ္ပာယ်ကို ဗုဒ္ဓဝါဒ၌ ဖော်ပြထားခြင်း မရှိချေ။

ဤကျမ်းစာအတွက် ကိုးကားဖော်ပြမည့် ရင်းမြစ်ကျမ်းများမှာ ထေရဝါဒ ပိဋကတ်သုံးပုံ၊ ယင်း၏အဖွင့် အဋ္ဌကထာနှင့် ဋီကာကျမ်းများနှင့် အဓိကသက်ဆိုင်သည်။ နိဗ္ဗာန်အဓိပ္ပာယ်ကို ရှင်းပြရန် ဤလေ့လာမှု၌ ပါဠိတော်ကျမ်းဂန်ဆိုင်ရာ အဓိပ္ပာယ်ကောက်ယူမှုများ၊ ကမ္မဋ္ဌာန်းရှုမှတ်မှု နည်းလမ်းများ၊ ဗုဒ္ဓဝါဒဆိုင်ရာ ကမ္မဋ္ဌာန်းအာရုံမှတစ်ဆင့် တွေ့ကြုံသိရှိမှုများ၊ ဒဿနနည်းလမ်းများနှင့် စိတ်ပညာဆိုင်ရာ ခွဲခြမ်းစိတ်ဖြာမှုများ လိုအပ်သည်။ နိဗ္ဗာန်ကိုရှာဖွေခြင်း၌ တွေးခေါ်အဆိုပြုမှုဆိုင်ရာနိဗ္ဗာန်နှင့် လက်တွေ့နိဗ္ဗာန်ဟု ပင်မရှုထောင့်နှစ်ရပ် ပါရှိမည်ဖြစ်သည်။ အဆိုပြုနိဗ္ဗာန်သည် ရှင်းလင်းဖော်ပြမှုအခြေခံမှ ဆင်းသက်ပြီး လက်တွေ့နိဗ္ဗာန်ကို တွေ့ကြုံထိုးထွင်းသိမြင်မှုဖြင့် ဆုံးဖြတ်သည်။ ဤကျမ်း၌ ကမ္မဋ္ဌာန်းရှုမှတ်ပုံနည်းလမ်းနှင့် ဝိပဿနာပညာ စနစ်တကျတိုးတက်မှုတို့ကို ဖော်ပြထားသည်။ ကျမ်းပြုသူသည် လက်တွေ့ကမ္မဋ္ဌာန်းရှုမှတ်သည့်နည်းလမ်းများကို အသုံးပြုခြင်းမှာ ဝိပဿနာပညာနှင့် လောကုတ္တရာမဂ်အားဖြင့် ပိုမိုထက်မြက်သည့် ထိုးထွင်းသိမြင်မှုအဆင့်ကို ရရှိနိုင်ကြောင်းပြဆိုသည်။ တစ်ဖန်လည်း ကျမ်းပြုသူသည် အဆိုပြုမှု (သီအိုရီ) များကိုသာ လေ့လာခြင်းမှာ နိဗ္ဗာန်ကို လုံးဝထိုးထွင်းသိမြင်ရန် မလုံလောက်ကြောင်း တိုက်တွန်းထားသည်။ သတိပဋ္ဌာန်ကမ္မဋ္ဌာန်း လက်တွေ့အားထုတ်မှုမှာ နိဗ္ဗာန်ကို ထိုးထွင်းသိမြင်ရန် မပါမပြီး လိုအပ်သည်။